# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

July 7, 2020 Volume 33, Number 5


၇.၇.၂၀၂၀

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၈၄ -US$ |
| မြန်မာ့ရွှေဈေး | = ၁၂၂၃၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၇၀/- ကျပ် |
| CBM Rate | = ၁၃၆၇.၉ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၄၁.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၇၉.၆၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၀၅.၆ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၆၉.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၄၇.၃၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၄.၇၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၂၅၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၄.၂၅ ကျပ် |
| မလေးရှားရင်းဂစ် | =၃၁၉.၇၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၃.၇၈၀ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ရှစ်လအတွင်း ရေထွက်ကုန်တင်ပို့မှု ပြီးခဲ့သည့်ဘဏ္ဍာနှစ်ကာလတူထက် ဒေါ်လာသန်း ၁၀၀ ပိုများ

COVID–19 ရောဂါဖြစ်နေသော်လည်း ပြည်ပရေထွက်ကုန်တင်ပို့မှုသည် ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလတူထက် အမေရိကန်ဒေါ်လာသန်း ၁၀၀ ကျော်ပိုမိုတင်ပို့နိုင်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်ကပြောသည်။ ငါးလုပ်ငန်းဦးစီးဌာန၏ စာရင်းများအရ ၂၀၁၉ အောက်တိုဘာ ၁ ရက်မှ ၂၀၂၀ ဇွန်လ ၃၀ ရက်အထိ ရှစ်လအတွင်း မြန်မာနိုင်ငံမှ ငါး၊ ပုစွန်အပါအဝင် ရေထွက်ကုန်တင်ပို့မှုသည် ဒေါ်လာသန်း ၇၀၀ ကျော်ရှိသည်။ ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလတူတွင် ဒေါ်လာသန်း ၆၀၀ ခန့်သာ တင်ပို့နိုင်ခဲ့သည်။ ရေထွက်ကုန်ပြည်ပတင်ပို့မှုက တန်ချိန် ၅ ဒသမ ၈ သိန်းကျော်တင်ပို့ထားပြီး ပြီးခဲ့သည့်ဘဏ္ဍာနှစ်ထက် တန်ချိန်ခုနစ်သောင်းကျော် ပိုမိုရောင်းချနိုင်သည်။ “ရေထွက် ကုန်ပြည်ပတင်ပို့မှုက ဒီနှစ်မှာစံချိန်တင်မယ်”ဟု ဦးဝင်းကြိုင်ကပြောကြားသည်။ ယခုဘဏ္ဍာနှစ်တွင် ရေထွက်ကုန်တင်ပို့မှုမှ ဒေါ်လာသန်း ၈၀၀ အထက်ရရှိနိုင်မည်ဟု မှန်းဆထားကြောင်း ၎င်းကဆိုသည်။

မြန်မာနိုင်ငံတွင် COVID ကာလကို သုံးလကျော်ဖြတ်သန်းခဲ့ရသဖြင့် ရေထွက်ကုန်ပြည်ပတင်ပို့မှုနှင့် ပြည်တွင်းဈေးကွက် ဝယ်လိုအားကျဆင်းခဲ့သည်။ သို့ သော် လက်ရှိရေထွက်ကုန်တင်ပို့မှု တိုးတက်နေရခြင်းက COVID ကာလမတိုင်မီ တင်ပို့မှုတိုးတက်ခြင်းကိုဖော်ပြနေသည်ဟု ဦးဝင်းကြိုင်ကပြောသည်။ မြန်မာ့ရေထွက်ကုန်များကို ပြည်ပ ၄၅ နိုင်ငံသို့ ပင်လယ်ရေကြောင်း၊ လေကြောင်းနှင့်နယ်စပ်ကုန်သွယ်ရေးဖြင့် တင်ပို့နေသည်။ COVID ကာလတွင် လေကြောင်းလိုင်းများ ပိတ်ထားခြင်း၊ ပင်လယ်ရေကြောင်းမှ တင်ပို့မှုလျော့ကျခြင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ ပုံမှန်တင်ပို့နိုင်မှုမရှိခြင်းကြောင့် ရေထွက်ကုန်တင်ပို့မှုက လက်ရှိအချိန်တွင် ပုံမှန်တင်ပို့မှုထက် ၄၀ ရာခိုင်နှုန်းလောက်လျော့နည်းနေသည်။

Source: https://7day.news/detail?id=191345

## ကော့ရဲကြီးကျွန်းဧရိယာ၌ ပုလဲမွေးမြူထုတ်လုပ်ရန် အစိုးရနှင့်ပုဂ္ဂလိက ဖက်စပ်ဆောင်ရွက်မည်

တနင်္သာရီတိုင်းဒေသကြီးရှိ ကော့ရဲကြီးကျွန်းဧရိယာတွင် ပုလဲမွေးမြူထုတ်လုပ်ရေးလုပ်ငန်းကို ဖက်စပ်ဆောင်ရွက်ရန်အတွက် ပြည်တွင်း၊ ပြည်ပကုမ္ပဏီများကို ဖိတ်ခေါ်ထားကြောင်း မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးတေဇာလင်းကပြောသည်။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းသည် မြန်မာ့ပုလဲလုပ်ငန်းဥပဒေနှင့်အညီ ပုလဲမွေးမြူ ထုတ်လုပ်

ရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာရန်အတွက်ရည်ရွယ်ပြီး ကျွန်းစခန်းအသစ်တွင် ပုလဲမွေးမြူထုတ်လုပ်ရေးဆောင်ရွက်နိုင်ရန် ပုဂ္ဂလိကကို ဖိတ်ခေါ်ခဲ့ခြင်းဖြစ်သည်။

တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ ကော့ရဲကြီးကျွန်းဧရိယာရှိ ရေပြင်ဧရိယာ ၅၂၀ ဧက၊ မြေပြင်ဧရိယာ ၃၇ ဧက၊ စုစုပေါင်း ၅၅၇ ဧကတွင် မုတ်ကောင်သားဖောက်မွေးမြူခြင်း၊ မုတ်ကောင်ပြုစုစောင့်ရှောက်ခြင်း၊ ပုလဲမွေးမြူခြင်း၊ ပုလဲဖော်ယူခြင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်မည်ဖြစ်သည်။ အဆိုပါ ကော့ရဲကြီးကျွန်းဧရိယာတွင် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းနှင့်ပူးပေါင်း၍ ပုလဲမွေးမြူထုတ်လုပ်ရေးလုပ်ငန်းကို ဖက်စပ်ဆောင်ရွက်ရန် စိတ်ဝင်စားသော ကုမ္ပဏီများကို အိတ်ဖွင့်တင်ဒါတင်သွင်းရန် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းကကြေညာထားသည်။ ''လက်ရှိမှာ ပုလဲမွေးမြူထုတ်လုပ်ရေးလုပ်နေတဲ့ ကျွန်းစခန်း (၁၂) ခုရှိပါတယ်။ အခုလုပ်ဖို့ ဖိတ်ခေါ်တဲ့ ကျွန်းစခန်းက အသစ်တစ်ခုဖြစ်ပါတယ်။ တကယ်လို့ အခုဖိတ်ခေါ်တဲ့ ကျွန်းဧရိယာမှာ လုပ်ကိုင်ချင်သူရှိလာရင် ပုလဲမွေးမြူထုတ်လုပ်ရေးလုပ်နေတဲ့ ကျွန်းစခန်း (၁၃) ခု ဖြစ်လာပါမယ်'' ဟု မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးတေဇာလင်းကပြောသည်။ ယခုကဲ့သို့ နိုင်ငံပိုင် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ပုဂ္ဂလိကကုမ္ပဏီတို့ ဖက်စပ်စနစ်ဖြင့် ပုလဲမွေးမြူထုတ်လုပ်ရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ခြင်းသည် ၂၀၁၆ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်ဖြစ်သည်။ တင်ဒါပုံစံကို မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်တွင် ဇူလိုင် ၁၀ ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး ဩဂုတ် ၅ ရက်တွင် တင်ဒါပိတ်သိမ်းမည်ဖြစ်သည်။ တင်ဒါဖွင့်ဖောက်မည့်ရက်ကို ထပ်မံအသိပေးကြေညာမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပုလဲမွေးမြူထုတ်လုပ်ရေးလုပ်ငန်းများကို တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိပြီး နိုင်ငံပိုင် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းသည် ပြည်တွင်း၊ ပြည်ပကုမ္ပဏီများနှင့် ဖက်စပ်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံပိုင် ပုလဲမွေးမြူထုတ်လုပ်ရေးကျွန်းစခန်း (၁) ခု၊ ပြည်တွင်းဖက်စပ်ကုမ္ပဏီ (၆) ခုမှ ပုလဲမွေးမြူ ထုတ်လုပ်ရေး ကျွန်းစခန်း (၇) ခုနှင့် ပြည်ပဖက်စပ်ကုမ္ပဏီ (၄) ခုမှ ပုလဲမွေးမြူထုတ်လုပ်ရေးကျွန်းစခန်း (၄) ခု၊ စုစုပေါင်း ပုလဲမွေးမြူထုတ်လုပ်ရေးကျွန်းစခန်း (၁၂) ခု ရှိသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ပုလဲအတွဲပေါင်း ၄၀၀ ကျော်၊ ပုလဲလုံးရေပေါင်း တစ်သိန်းကျော်ရောင်းချခဲ့ပြီး တန်ဖိုးယူရို ၂ ဒသမ ၆ သန်းကျော်ရရှိခဲ့သည်ဟု သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

**Source:** https://myanmar.mmtimes.com/news/141070.html

## တရုတ်နိုင်ငံရှိ ပြည်နယ် ၁၀ ခုတွင် ဖြစ်ပွားနေသည့် ဝက်တုပ်ကွေးရောဂါသည် မြန်မာနိုင်ငံသို့ ကူးစက်ခြင်းမရှိသေးဘဲ အခြားဝက်ရောဂါများသာရှိကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနထုတ်ပြန်

တရုတ်နိုင်ငံရှိ ပြည်နယ် ၁၀ ခုတွင် ဖြစ်ပွားနေသည့် ဝက်တုပ်ကွေးရောဂါသည် မြန်မာနိုင်ငံသို့ ကူးစက်ခြင်းမရှိသေးဘဲ အခြားဝက်ရောဂါများသာရှိကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ထုတ်ပြန်ထားသည်။ ထုတ်ပြန်ချက်တွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် စားနပ်ရိက္ခာဖူလုံရေး အာဟာရပြည့်ဝရေးနှင့် အစားအစာဘေးကင်းလုံခြုံမှုရှိစေရေး ဟူသည့် ရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့်အားလျော်စွာ ပြည်သူများအနေဖြင့် ဘေးအန္တရာယ်ကင်းပြီး သန့်ရှင်းကောင်းမွန်သော အသားများစားသုံးနိုင်ရန် အလို့ငှာ BSL-2 အဆင့်ရှိသည့် ရန်ကုန်၊ မန္တလေးနှင့် ရွှေမြို့ တိရစ္ဆာန်ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းများတွင် ဝက်ကူးစက်ရောဂါများအပါအဝင် အခြားတိရစ္ဆာန်ကူးစက်ရောဂါများကို ရောဂါရှာဖွေစစ်ဆေးရေးလုပ်ငန်းများဆောင်ရွက်လျက် တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်းဖော်ပြထားသည်။

ယခုလက်ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ပြည်နယ် ၁၀ ခုတွင် ရောဂါစူးစမ်းထောက်လှမ်းခြင်း ဆောင်ရွက်ခဲ့သည့် သုတေသနလုပ်ငန်းတစ်ခုမှ ဝက်တုပ်ကွေးရောဂါ (Swine Flu-H1N1) ပိုးအသစ်တွေ့ရှိကြောင်း သတင်းထုတ်ပြန်ချက်အရ COVID - 19 ကာလနှင့် ဆက်စပ်ပြီး နိုင်ငံတကာတွင် စိုးရိမ်ထိတ်လန့်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ၂၀၀၉ခုနှစ်တွင် မက္ကစီကိုနိုင်ငံ၌ H1N1 pdm/09 virus တွေ့ရှိမှုနှင့်ပတ်သက်၍လည်း ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE) နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့

(WHO) အပါအဝင်နိုင်ငံတကာမှ အဆိုပါရောဂါနှင့်ပတ်သက်သည့် လေ့လာစောင့်ကြည့်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် ၂၀၁၀ ခုနှစ်မှစပြီး ဝက်များတွင် ဝက်တုပ်ကွေးရောဂါအပ◌ါအဝင် နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ကူးစက်ရောဂါများဖြစ်သည့် ဝက်နားရွက်ပြာရောဂါ၊ ဆာကိုဗိုင်းရပ်စ်ကြောင့်ဖြစ်သော ဝက်အားနည်းရောဂါ၊ ဝက်ဝမ်းလျှောရောဂါ၊ အာဖရိကဝက်အပြင်းဖျားရောဂါ၊ ဝက်ဝမ်းကျရောဂါနှင့် ကူးစက်လွယ် အစာအိမ်အူရောင်ရောဂါများကို အချိန်နှင့်တပြေးညီ စူးစမ်းထောက်လှမ်းခြင်း၊ ဓာတ်ခွဲခန်းများတွင် အတည်ပြုစစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

၂၀၁၇ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ မြို့နယ် ၂၃၀ မှ ဝက်နမူနာပစ္စည်း စုစုပေါင်း ၂၇၃၆၃၃ ကောက်ယူစစ်ဆေးခဲ့ကြောင်း၊ စစ်ဆေးချက်များအရ ဝက်တုပ်ကွေးရောဂါ (Swine Flu-H1N1) ရောဂါပိုးအား တွေ့ရှိခဲ့ခြင်းမရှိဘဲ အခြားဝက်ရောဂါများဖြစ်သည့် ဝက်နားရွက်ပြာရောဂါ၊ ဆာကိုဗိုင်းရပ်စ်ကြောင့်ဖြစ်သည့် ဝက်အားနည်းရောဂါ၊ အာဖရိကဝက်အပြင်းဖျား ရောဂါများသာ တွေ့ရှိခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်တွင် အာဖရိကဝက်အပြင်းဖျား ရောဂါပိုးကို စစ်ဆေးတွေ့ရှိခဲ့ပြီး အဆိုပါရောဂါသည် (က) စာရင်းဝင် ကူးစက်ရောဂါဖြစ်သောကြောင့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့သို့ သတင်းပေးပို့ထားပြီးဖြစ်ကြောင်း၊ အာဖရိက ဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ကူးစက်ဖြစ်ပွားတတ်သောရောဂါဖြစ်ပြီး လူသို့ကူးစက်နိုင်သည့်ရောဂါမဟုတ်ကြောင်း အများပြည်သူသိရှိစေရန် သတင်းထုတ်ပြန်ထားပြီးဖြစ်ကြောင်းနှင့် ဝက်တုပ်ကွေးရောဂါပိုး သည် မြန်မာနိုင်ငံတွင် ကူးစက်ပျံ့နှံ့ခြင်းမရှိကြောင်း မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနက ထုတ်ပြန်ထားသည်။

**Source:** https://news-eleven.com/article/181647

## COVID-19 ထိန်းချုပ်နိုင်သည့်အပေါ်မူတည်ပြီးမှသာ ထိုင်းနယ်စပ် ကူးတို့ဆိပ်ကို မြန်မာဘက်ကဆက်ဖွင့်မည်

COVID-19 ကပ်ရောဂါကို ကာကွယ်ထိန်းချုပ်နိုင်သည့်အပေါ်မူတည်ပြီး မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ် (၁) တံတားကို ပြန်လည်ဖွင့်လှစ်နိုင်ပြီးမှသာလျှင် ကူးတို့ဆိပ်များကိုဆက်ဖွင့်ရန်ရှိသည်ဟု မြဝတီမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်ကပြောသည်။ ယခုတွင် ထိုင်းနိုင်ငံဘက်က ယမန်နေ့ကစတင်ကာ ကူးတို့ဆိပ် ၃၃ ခုကို ပြန်လည်ဖွင့်လှစ်သော်လည်း မြန်မာဘက်တွင်မူ COVID-19 ကာကွယ်ထိန်းချုပ်နိုင်မှသာ ပြန်လည်ဖွင့်လှစ်မည် ဟု ၎င်းကဆိုသည်။ ထိုင်းနိုင်ငံ တာ့ခရိုင်အုပ်ချုပ်ရေးတာဝန်ရှိသူများက ထိုင်း-မြန်မာနယ်စပ် သောင်ရင်းမြစ်ပေါ်က ကူးတို့ဆိပ် (စက်လှေဂိတ်) ၃၃ ခုကို ဇူလိုင် ၆ ရက်နေ့မှစတင်ကာ လူဝင်ထွက်ခွင့်မပြုဘဲ ကုန်စည်စီးဆင်းဖို့ရန် တစ်ပတ်လျှင် ငါးရက်ဖွင့်လှစ်မည်ဟု ကြေညာထားသည်။ “ကျွန်တော်တို့က ဖွင့်ရင် တရားဝင်ဂိတ်ဖြစ်တဲ့ ချစ်ကြည် ရေးတံတား (၁) ဂိတ်ကို ဖွင့်ပြီးမှ ကျန်တဲ့ဂိတ်ကိုဖွင့်မယ်။ ချစ်ကြည်ရေးတံတား(၁)နယ်စပ်ဂိတ်ကို မဖွင့်ဘဲ အောက်ဂိတ်ကိုဖွင့်တာ လတ်တလောမှာ မဖြစ်နိုင်ဘူး။ ကိုဗစ်နဲ့ပတ်သက်ပြီး ရောဂါ ကာကွယ်ထိန်းချုပ်နိုင်တဲ့ အနေအထားရှိခဲ့ရင်တော့ ပြန်လည် ဖွင့်လှစ် သွားပါမယ်” ဟု ဦးသန့်ဇင်အောင်က ဆိုသည်။

ထိုင်းဘက်က ကြေညာထားသည့် ၃၃ ဂိတ်သည် ထိုင်းဘက်တွင် တရားဝင်ဂိတ်ဟုဆိုသော်လည်း မြန်မာဘက်တွင်မူ တရားမဝင်ဂိတ်များဖြစ်ကြောင်း၊ ယခုတွင် မဲဆောက်ဘက်သို့ သွားရောက်ကာ အလုပ်လုပ်ကိုင်လိုသူ အများအပြားရှိပြီး အမှတ်(၁) ချစ်ကြည်ရေးတံတားကိုဖွင့်လှစ်နိုင်ပါက လူသွားလူလာထိန်းချုပ်နိုင်ကြောင်း ၎င်းကဆိုသည်။ “လတ်တလောမှာ ပြည်သူတွေ ဟိုဘက်ကမ်းကို သွားဖို့အတွက်အများကြီးရှိတာပေါ့။ အမှတ် (၁) ချစ်ကြည်ရေးတံတား ဖွင့်လှစ်နိုင်ရင် လူသွား လူလာ ထိန်းချုပ်နိုင်တာပေါ့နော်။ အခုချစ်ကြည်ရေး တံတားဖွင့်ဖို့အတွက် ဘာမှထူးခြားမှုမရှိဘဲ အောက်ဂိတ်တွေဖွင့်လှစ်ရင် ဘာမှမထူးခြားဘူး” ဟု ဦးသန့်ဇင်အောင်ကပြောသည်။ ထို့သို့ ထိုင်းဘက်မှကူးတို့ဆိပ်ပြန်ဖွင့်မည်ဟု မြန်မာဘက်သို့ အကြောင်းကြားလာစဉ် မြန်မာဘက်က ကူးတို့ဆိပ်ပြန်ဖွင့်ရန်မှာမဖြစ်နိုင်သေးဘဲ တံတားအမှတ်(၁)နှင့် (၂)ကိုသာ ဖွင့်လိုက ဖွင့်နိုင်ကြောင်း သဘောထားပေးထားသည်ဟု မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်ကပြောသည်။ “လှေဂိတ်နဲ့ ပတ်သက်လို့က တော့ COVID ကာလဖြစ်တဲ့အတွက် အားလုံးကိုပိတ်ထားပါတယ်။ လက်ရှိ COVID ကာလပြီးရင် ဖွင့်လို့ရတယ်။ မပြီးရင်တော့ ဖွင့်လို့မရဘူး။ နိုင်ငံတော်က အရေးပေါ်ကြေညာချက်ထုတ်ပြန်ထားတယ်။ လုပ်ထုံးလုပ်နည်း အရ ဖွင့်လို့မရဘူး” ဟု ၎င်းကပြောသည်။

ယင်းသို့ မြန်မာဘက်က ဖွင့်လှစ်ခြင်းမရှိသော်လည်း ထိုင်းဘက်က ကူးတို့ဆိပ်ကိုဖွင့်လှစ်လိုက်ခြင်းကြောင့် မြန်မာဘက်သို့ တရားမဝင် ဝင်ရောက်လာမှုများမရှိစေရန် တပ်မတော်နှင့် လက်နက်ကိုင်အဖွဲ့များပါဝင်သည့် အဖွဲ့ပေါင်းစုံက လုံခြုံရေး စောင့်ကြပ်ကြည့်ရှုနေသည်ဟု ဦးသန့်ဇင်အောင်ကဆိုသည်။ “ရေကင်းအဖွဲ့တွေ ဖွဲ့ထားတယ်။ စောင့်ကြည့်ရေးမှာ တပ်ပိုင်း ဆိုင်ရာ ငြိမ်းချမ်းရေးလက်နက်ကိုင်အဖွဲ့ ပူးပေါင်းစောင့်ကြည့်တယ်။ အဓိကတော့ကိုဗစ်နဲ့ ပတ်သက်ပြီး ထိန်းချုပ်ကာကွယ်ချင် တာလေ။ ဖြစ်သင့်တဲ့ အတိုင်းအတာတစ်ခုဖြစ်လာရင် တံတား (၁)အပါအဝင် ဂိတ်တွေအားလုံး ပြန်လည်ဖွင့်လှစ်မှာပေါ့” ဟု ဦးသန့်ဇင်အောင်ကပြောသည်။

လက်ရှိတွင် ရွှေ့ပြောင်းအလုပ်သမားများ ပြန်လည်ဝင်ရောက်လာရန်နှင့် ကုန်စည်စီးဆင်းမှုမရပ်တန့်စေရန် နှစ်ဖက်စလုံး ဖွင့်ထားသည့် နယ်စပ်ဂိတ်မှာ မြဝတီမြို့ ချစ်ကြည်ရေးတံတားအမှတ် (၂) နယ်စပ်ဂိတ်တစ်ခုတည်းသာရှိသည်။ COVID-19 ကပ်ရောဂါမဖြစ်မီ မြန်မာရွှေ့ပြောင်းအလုပ်သမားများသည် နယ်စပ်သောင်ရင်းမြစ်ပေါ် ကူးတို့ဆိပ်မှ တစ်ဆင့် ထိုင်းဘက်သို့ စက်လှေများဖြင့်ကူးကာ အလုပ်သွားရောက်လုပ်ကိုင်ခဲ့ကြသည်။ မေလ ၁ ရက်မှ ဇူလိုင် ၆ ရက်အထိ မြဝတီနယ်စပ်ဂိတ်မှ တစ်ဆင့် နေရပ်ပြန်လာသည့် မြန်မာရွှေ့ပြောင်း လုပ်သားလေးသောင်းတစ်ထောင်ကျော်ရှိပြီဖြစ်သည်။

**Source:** https://7day.news/detail?id=191376

## ပြည်တွင်းဝယ်လိုအားနည်းသဖြင့် ငွေကြေးဖောင်းပွမှုနှုန်း အနည်းငယ်ကျ

နိုင်ငံခြားငွေလဲလှယ်သည့်နှုန်းထားသည် ခြောက်လအတွင်း သိသာစွာကျဆင်းနေသည်။ (livingnomads.com) COVID-19 ရောဂါဖြစ်နေချိန်တွင် ပြည်တွင်းဝယ်လိုအားလျော့နည်းသဖြင့် မေလတွင် ငွေကြေးဖောင်းပွမှုသည် ၈ ဒသမ ၃၅ ရာခိုင်နှုန်းသို့ ကျဆင်းလာသည်။ ၂၀၂၀ ဇန်နဝါရီတွင် မြန်မာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းက ၉ ဒသမ ၀၆ ရာခိုင်နှုန်းရှိခဲ့သဖြင့် ၀ ဒသမ ၇ ရာခိုင်နှုန်းလျော့နည်းသွားခြင်းဖြစ်သည်။ ဆန်၊ ဆီစသော အခြေခံစားသောက်ကုန် ဈေးနှုန်းမြင့်တက်သော်လည်း အခြားသော လူသုံးကုန်ပစ္စည်းများ ဝယ်လိုအားနည်းခြင်းကြောင့် ငွေကြေးဖောင်းပွမှုနှုန်း အနည်းငယ်ကျဆင်းသည်ဟု စီးပွားရေး လုပ်ငန်းရှင်အချို့ကပြောသည်။

မြန်မာနိုင်ငံတွင် နိုင်ငံခြားငွေလဲလှယ်သည့်နှုန်းထားကလည်း ယခုနှစ်ခြောက်လအတွင်း သိသာစွာကျဆင်းနေသည်ဟု ပြည်တွင်းပုဂ္ဂလိကဘဏ်တစ်ခုမှ အကြီးတန်းအရာရှိတစ်ဦးကပြောသည်။ အမေရိကန်ဒေါ်လာတန်ဖိုးသည် ယခုနှစ်စက တစ်ဒေါ်လာ ကျပ် ၁,၄၅၀ ဝန်းကျင်ရှိသော်လည်း မြန်မာနိုင်ငံတွင် COVID-19 ရောဂါရောက်ရှိလာပြီးနောက် ကျပ် ၁,၄၁၀ ဝန်းကျင်တွင် အတက်အကျအနည်းငယ်ရှိခဲ့သည်။ လက်ရှိတွင် တစ်ဒေါ်လာလျှင်ကျပ် ၁,၃၇၀ သို့ကျဆင်းလာသည်။ ထိုကဲ့သို့ ဒေါ်လာတန်ဖိုးကျဆင်းသကဲ့သို့ ပြည်ပမှသွင်းကုန်လူသုံးကုန်ပစ္စည်းများကို ဝယ်ယူနိုင်သည့်ပမာဏကလည်း လျော့နည်းနေ သည်ဟု လက်လီစီးပွားရေးလုပ်ငန်းရှင်အချို့ကပြောသည်။ မြန်မာနိုင်ငံ၏ အဓိကစားကုန်ဖြစ်သော ပေါ်ဆန်း(ဆန်ချော) ဈေးနှုန်း က ယခုနှစ်အတွင်း တစ်အိတ်လျှင် ၁၀ ရာခိုင်နှုန်းခန့် ဈေးနှုန်းမြင့်တက်သည်။ မြေပဲဆီမှာ လက်ကားဈေးကွက်တွင် တစ်ပိဿာကျပ် ၆,၉၀၀ မှ ကျပ် ၇,၀၀၀ သို့ မြင့်တက်သည်။

**Source:** https://7day.news/detail?id=191346

## ကွမ်းပင်အစား ဈေးကွက်တည်ငြိမ်သည့် ဇော်လုံးပန်း ပြောင်းလဲစိုက်ပျိုးလာ

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်အတွင်း ကျေးရွာများ၌ ကွမ်းပင်စိုက်ပျိုးထုတ်လုပ်သူအများစုမှာ ဈေးကွက် တည်ငြိမ်မှုရှိသည့် ဇော်လုံးပန်းပင်များ ပြောင်းလဲစိုက်ပျိုးလာကြကြောင်းသိရသည်။ ဇော်လုံးပန်းပင်က နေ့စဉ်ဝင်ငွေမှန်ပါတယ်။ ကွမ်းပင်ကတော့ အကျိုးအမြတ်ကြမ်းတယ်။ ရရင်လည်း ဟောဟောဒိုင်းဒိုင်းရသလို၊ ရာသီဥတုကြောင့် မှိုရောဂါကြောင့် ကွမ်းခြံ ပျက်ရင်လည်း ရင်းထားသမျှကုန်တယ်။ ဒါ့ကြောင့် ဒီရွာမှာတော့ အများစုက ကွမ်းခြံထက် ဇော်လုံးပန်းကို စီးပွားဖြစ် စိုက်လာကြပါတယ်ဟု ရန်ကုန်တိုင်း၊ ကော့မှူးမြို့နယ်၊ တောင်ချောင်ရွာမှ ဇော်လုံးစီးပွားဖြစ်စိုက်ပျိုးသူ ဦးပေါက်ကပြောသည်။



နေ့စဉ်ဝင်ငွေရသည့် ဇော်လုံးပန်းပင်မှာ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသည့်အပြင်၊ တစ်ကြိမ်စိုက်ပျိုးထားပြီးချိန်မှစ၍ နောက်နှစ်များစွာအထိ ရေရှည်အကျိုးရှိကြောင်း သိရသည်။ ခူးချိုးလိုက်တဲ့ အဆစ်နေရာကနေ နောက်ထပ်အတက်တစ်ခု ပြန်ထွက်တာမို့ တစ်ခါစိုက်ထား ပြီးတာနဲ့ ရေရှည်စားလို့ရပါတယ်။ တစ်ပင်ကနေ အများကြီးပွားလို့ရတော့ အရှုံးရယ်လို့မရှိဘူး ပေါ့။ ပြုစုစောင့်ရှောက်ဖို့လည်း သိပ်မလိုဘူး။ နွေအခါမှာသာ ရေလိုတဲ့အချိန် ရေပေးရတယ်။ မိုးဆိုရင်တော့ ဒီအတိုင်းထားရုံပါပဲဟု ဦးပေါက်က ဆက်လက်ပြောသည်။

ဇော်လုံးပန်းပင်မှာ ဘုရားပန်းတင်ရာ၌ ရက်ရှည်အထားခံသည့်အတွက် ဈေးကွက်လိုလားမှုရှိပြီး၊ လက်ကားဈေး(ဖောက်သည်ဈေး) တစ်ပင်လျှင် (၂၀) ကျပ်၊ လက်လီဈေး (၅)ပင် တစ်စီးလျှင် (၅၀၀) ကျပ်နှုန်းဖြင့် ရောင်းချနေကြောင်း သိရသည်။

**Source:** https://greenwaymyanmar.com/posts/change_grow_zaw_lone_instead_of_betel_plant

## ဒေသတွင်း အခမဲ့ရရှိသည့်ကုန်ကြမ်းများဖြင့် ကောက်ရိုးမှိုစိုက်ပျိုးနိုင်



ဒေသတွင်း အခမဲ့ရရှိနိုင်သည့် ကုန်ကြမ်းပစ္စည်းဖြင့် ကောက်ရိုးမှိုစိုက်ပျိုးနိုင်ကြောင်း ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူများကဆိုသည်။ ကုန်ကြမ်းမှာ ကုန်ကျစရိတ်မများမှသာ အမြတ်ကျန်တာပါ။ အများစုက သေချာတွက်ချက်မှုမရှိဘဲ စီးပွားဖြစ်စိုက်တော့ အရှုံးပေါ်တဲ့လူပေါ်ကြတယ်။ နည်းစနစ်ပိုင်းမှာ သေချာလေ့လာဖို့ လိုအပ်သလို၊ ကုန်ကြမ်းကို ဘယ်ကအခမဲ့ရနိုင်မလဲ၊ ကိုယ့်ဒေသအနီးအနားမှာ ဘာပစ္စည်းပေါသလဲ အရင်ဆုံး လေ့လာစုံစမ်းပြီးမှစိုက်တာ အကောင်းဆုံးပါပဲ။ ဒီအချက်တွေအားလုံးကို သဘောတရားနားလည်ပြီဆိုရင်တော့ ဈေးကွက်အပိုင်းပဲ လိုတော့တာပေါ့။

ဟု ရန်ကုန်တိုင်း၊ ကော့မှူးမြို့နယ်မှ မှိုစိုက်တောင်သူ ဒေါ်သိန်းဆင့် က ပြောသည်။

နွားချေး၊ ကောက်ရိုးနှင့်ရိုးပြတ်တို့ရှားပါးသည့် မိုးရာသီကာလတွင် စွန့်ပစ်ထားသည့် ဂျက်စက္ကူအဟောင်းများ၊ ဇေဒါပင်ရိုင်းများ၊ ပြောင်းရိုး၊ ငှက်ပျောခွံ၊ ဝါစေ့ခွံ၊ ဆီအုန်းခွံ၊ မြေပဲခွံ၊ စပါးခွံ၊ ကော်ဖီသီးခွံ၊ ကြံကြိတ်ဖတ်၊ အုန်းဆံဖက်၊ အုန်းဆံမှုန့်၊ လွှစာ၊ ပဲရိုး၊ ဂျုံရိုး၊ ပဲမှော်၊ မြက်ရိုင်းတို့ကိုပါအသုံးပြု၍ ကောက်ရိုးမှိုစိုက်ပျိုးနိုင်ကြောင်းသိရသည်။ တိရစ္ဆာန်အညစ်အကြေးကိုလည်း နွားချေးဆို နွားချေးပဲ သုံးမှရတယ်ရယ်လို့ ပုံသေသတ်မှတ်မထားပါဘူး။ တခြား ဆိတ်၊ ကြက်၊ ငုံး၊ မြင်းချေးတွေနဲ့လည်း စိုက်လို့ရတယ်။ ကုန်ကြမ်းပေါ်မူတည်ပြီး ကောက်ရိုးမှိုရဲ့ အရည်အသွေးကတော့ နည်းနည်းကွာတတ်တယ်။ ဒါပေမယ့်လည်း သူ့ဈေးနဲ့သူ ရနိုင်ပါတယ်ဟု ၎င်းကဆက်လက်ပြောသည်။ ရန်ကုန်တိုင်းဒေသကြီးရှိ ဈေးများအတွင်း ကောက်ရိုးမှို တစ်ပိဿာလျှင် (၈၀၀၀) ကျပ်မှ ကျပ် (၁၀၀၀၀) ဝန်းကျင်အထိ ဈေးနှုန်းများဖြင့် လက်လီရောင်းချနေကြသည်။

**Source:** https://greenwaymyanmar.com/posts/can_grow_straw_mushroom_with_local_raw_materials

## ယခင်နှစ်ထက် ပြည်ပပို့ဆန်ဈေးနှုန်းများပိုမိုရရှိ

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏မှတ်တမ်းများအရ ပြည်ပသို့ဆန်တင်ပို့သည့်နှုန်းထားများသည် ယခင် ၂၀၁၉ ခုနှစ်ထက် ဈေးနှုန်းပိုမိုရရှိကြောင်း ယင်းအသင်းချုပ်ထံမှသိရသည်။ ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် ဇွန်လအတွင်းက ဆန်ချောအမျိုးအစားမှာ ဆိပ်ကမ်းအရောက်ဈေးနှုန်းတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၅ မှ ၃၄၀ အထိရရှိခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ် ဇွန်လအတွင်းတွင် အမေရိကန်ဒေါ်လာ ၄၄၀ မှ ၄၅၀ အထိရရှိကြောင်း၊ ၁၀၀ ရာခိုင်နှုန်းအကျိုးအကြေပါဝင်သည့် ဆန်ကွဲမှာလည်း ၂၀၁၉ ခုနှစ် ဇွန်လအတွင်းက တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၇၀ မှ ၂၇၅ အထိဈေးရရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဇွန်လအတွင်းတွင် ကန်ဒေါ်လာ ၃၀၀ မှ ၃၁၀ အထိရရှိခဲ့ကြောင်းသိရသည်။

၂၀၁၉ ခုနှစ်က ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၂၅ မှ ၄၃၅ အထိရရှိပြီး ၂၀၂၀ ပြည့်နှစ် ဇွန်လတွင် အမေရိကန်ဒေါ်လာ ၄၇၅ မှ ၄၈၅ အထိရရှိကြောင်း၊ ဇီဇိန်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၀ မှ ၃၃၅ ရရှိခဲ့ပြီး ၂၀၂၀

ပြည့်နှစ် ဇွန်လတွင် ကန်ဒေါ်လာ ၄၃၀ မှ ၄၄၀ အထိရရှိခဲ့ကြောင်း ယင်းမှတ်တမ်းများအရသိရသည်။ ပြည်ပတင်ပို့သည့် ဆန်အမျိုးအစားများသည် အမျိုးအစားအပေါ်မူတည်၍ အရည်အသွေး၊ စံချိန်စံနှုန်းအလိုက် ဈေးနှုန်းများကွာခြားနိုင်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ထံမှ သိရသည်။

လက်ရှိ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ဇွန်လ ၁၉ ရက်နေ့အထိ ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ တင်ပို့မှုအဖြစ် မက်ထရစ်တန်ပေါင်း ၂ သန်းကျော်တင်ပို့ထားပြီး တင်ပို့ငွေ အမေရိကန်ဒေါ်လာ ၆၂၁ သန်းကျော် ရရှိထားခြင်းဖြစ်သည်။ ထို့ပြင် ပြီးခဲ့သည့် ၂၀၁၈-၁၉ ဘဏ္ဍာနှစ်က ဆန်နှင့်ဆန်ကွဲတင်ပို့ငွေ အမေရိကန်ဒေါ်လာ ၅၂၂ သန်းကျော် ရရှိခဲ့သောကြောင့် ယခင်နှစ်ထက် ဆန်နှင့်ဆန်ကွဲပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၉၈ သန်းကျော် ပိုမိုရရှိထားကြောင်း ယင်းအသင်းချုပ်ထံမှသိရသည်။

**Source:** http://thevoicemyanmar.com/news/42342-ykn

## ပြင်ဦးလွင်ထွက် နဂါးမောက်သီးများအား ပြည်ပတင်ပို့နိုင်ရန်မျှော်လင့်



ပြင်ဦးလွင်မြို့ကထွက်ရှိတဲ့ နဂါးမောက်သီးတွေကို ပြည်ပတင်ပို့ရောင်းချနိုင်ဖို့ မျှော်လင့်နေတယ်လို့ နဂါးမောက်သီးစိုက်တောင်သူ ဦးထွန်းစိန်ထံကပြောပါ တယ်။ လက်ရှိနဂါးမောက်သီးစိုက်ပျိုးသူနဲ့ ထွက်ရှိမှုလည်းများလာတာကြောင့် ပြည်တွင်း စားသုံးမှုထက်ပိုလျှံနေလို့ ပြည်ပပို့နိုင်ဖို့ မျှော်လင့်တာလို့ဆိုပါတယ်။ "ပြည်ပပို့ဖို့ ကတော့ အဆက်အသွယ်ရှိတယ်ဆိုရင်တော့ မျှော်လင့်တာပေါ့။ ပြည်တွင်းအနေနဲ့ ဈေးကွက်ကတော့ အဲ့လောက်ကြီးဖြုန်းအားမကောင်းဘူးပေါ့။ ပြင်ဦးလွင်မှာတော့ အခု ၂နှစ် ၃နှစ်အတွင်းမှာ တော်တော်လေးများလာပါတယ်။ ပြည်ပပို့နိုင်ရင်တော့ ပိုအဆင်ပြေနိုင်တာပေါ့" လို့ ပြင်ဦးလွင်မြို့အနီး ဖောင်းတောကျေးရွာက နဂါးမောက်စိုက်ပျိုးသူ ဦးထွန်းစိန်ကပြောပါတယ်။

နဂါးမောက်စိုက်ပျိုးသူ ပိုမိုများပြားလာတဲ့အတွက် ပြည်တွင်းဈေးကွက်ကို ပြိုင်လုနေရပြီး ပြည်ပဈေးကွက်ကို တင်ပို့နိုင်ဖို့ နဂါးမောက်သီး စိုက်ပျိုးသူများအစုအဖွဲ့ ဖွဲ့စည်းဖို့ လိုအပ်လာတယ်လို့ နဂါးမောက်စိုက်တောင်သူတွေကပြောပါတယ်။ အသင်း အစုဖွဲ့မယ်ဆိုရင် ပြည်ပဈေးကွက်ကိုလည်း ထိုးဖောက်နိုင်အောင် ကြိုးစားဖို့လိုတယ်လို့လည်း ဦးထွန်းစိန်ကပြောပါတယ်။ "အသီးအစုအဖွဲ့ကတော့မရှိဘူး။ ဒီနှစ်မှပဲ ကျနော်တို့က အစုအဖွဲ့လုပ်မယ်ဆိုပြီးတော့ သတင်းထွက်လာတယ်။ အခုထိ သတင်းပဲ ကြားတာ ဘာမှမဖွဲ့သေးဘူး အစုအဖွဲ့လုပ်ပြီးတော့ ပြည်ပကိုပို့နိုင်တဲ့ အဆင့်လုပ်နိုင်တယ်ဆိုရင်ကောင်းပါတယ်။ ပြည်ပပို့ နိုင်တယ်ဆိုရင်တော့ ကျနော်တို့ တစ်ဦးတည်းမဟုတ်ဘူး။ အားလုံးအတွက် ကောင်းလာနိုင်တယ်။ ပြည်တွင်းပဲအားကိုး နေရင်တော့ သိပ်အဆင်မပြေဘူး " လို့ ဦးထွန်းစိန်ကပြောပါတယ်။

နဂါးမောက်သီး အပင်တွေဟာ တစ်နှစ်မှာ (၆)လအသီး သီးတယ်လို့ သိရပါတယ်။ မေလနဲ့ ဇွန်လလောက်မှာ အပွင့် ပွင့်ပြီး နောက် (၁) လ ၊ (၂) လ လောက်အကြာမှာ အသီးမှည့်တယ်တယ်လို့ဆိုပါတယ်။ အကြီးတစ်လုံးကို (၇၀၀) ကျပ် အထိဈေးရပြီး အသေးတစ်လုံးကို ကျပ် (၁၅၀) ကနေ ကျပ် (၂၀၀) အထိ ဈေးရှိတယ်လို့ သိရပါတယ်။

**Source:** https://web.facebook.com/onenewsmyan/

## အထိနာ ပြည်တွင်းခရီးသွားလုပ်ငန်း ရှန်းထရန် ကြိုးစားနေရ



ဇွန်လတွင် ယာယီရပ်တန့်သွားခဲ့သော မြန်မာနိုင်ငံ၏ ပြည်တွင်းခရီးသွား လုပ်ငန်းများ ပြန်လည်စတင်လည်ပတ်ခဲ့သည်။ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်မြန်ရောဂါ ကိုဗစ်နိုင်တင်း (COVID-19) ကပ်ရောဂါကြောင့် အထိအနာဆုံး ကဏ္ဍများထဲမှတခုဖြစ်သော ခရီးသွားလုပ်ငန်းသည် ပြန်လည်ရှန်းထရန် ကြိုးစားနေ ရသည်။ မတ်လနှောင်းပိုင်းက မြန်မာနိုင်ငံတွင် ပထမဆုံး ကိုဗစ် ၁၉ ရောဂါ ကူးစက်မှုကို အတည်ပြုပြီးနောက်ပိုင်း အစိုးရက ခရီးသွားလာမှုများကို ကန့်သတ်ပြီး

ကတည်းက ခရီးသွားလုပ်ငန်းသည် ဧပြီနှင့်မေလများတွင် ဝင်ငွေလုံးဝကင်းမဲ့သွားသည်။ မေလနှောင်းပိုင်းကစတင်ကာ ပြည်နယ်နှင့်တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်း အာဏာပိုင်များက ဟိုတယ်များ၊ စားသောက်ဆိုင်များနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ကျန်းမာရေးဆိုင်ရာ ဘေးကင်းလုံခြုံမှု ရှိမရှိစစ်ဆေးကြသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ စံနှုန်းများနှင့်ကိုက်ညီသောလုပ်ငန်းများကို ဘေးကင်းလုံခြုံမှုလက်မှတ်များ ထုတ်ပေးထားကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ အဆိုအရသိရသည်။ ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် အတည်ပြုခဲ့သည့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေအရ ဒေသန္တရအစိုးရများသည် ၎င်းတို့ပြည်နယ်နှင့် တိုင်းဒေသကြီးများအတွင်း ခရီးသွားလုပ်ငန်းများနှင့်ပတ်သက်၍ ဆုံးဖြတ်နိုင်ခွင့်အခွင့်အာဏာရှိသည်။ ထိုဥပဒေအရ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများသည် ဟိုတယ်များ၊ ခရီးသွားလုပ်ငန်းများ၊ ဧည့်လမ်းညွှန်များနှင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများအတွက် လိုင်စင်ထုတ်ပေးနိုင်သည်။ ယခုအခါ ခရီးသွားလာမှုကန့်သတ်ချက်များကို ပြန်လည်ရုတ်သိမ်းလိုက်သောကြောင့် ပြည်တွင်းခရီးသွားများ တစစပြန်လည်ခရီးထွက်နေပြီသည်ဟု မြန်မာ့ခရီးသွားလုပ်ငန်း ဈေးကွက်ရှာဖွေရေးမှဥက္ကဋ္ဌ ဒေါ်မေမြတ်မွန်ဝင်းက ဆိုသည်။ ဇွန်လ ဒုတိယပတ်အတွင်း ခရီးသွားဧည့်သည်များအကြား ထင်ရှားသော ရှမ်းပြည်တောင်ပိုင်းမှ ကလောမြို့ရှိ ဟိုတယ်များတွင် ပြည်တွင်းခရီးသွားများဖြင့် ပြန်လည်စည်ကားလာသည်။ လွန်ခဲ့သော သုံးပတ်အတွင်း ပြည်တွင်းခရီးသွားများနှင့် နိုင်ငံတွင်း ရောက်ရှိနေသော နိုင်ငံခြားသားများ ကလောသို့ လာရောက်လည်ပတ်ကြသည်။ သို့သော် ယခင်က လာရောက်လည်ပတ်သူအရေအတွက်နှင့်နှိုင်းယှဉ်ပါက ထက်ဝက်ခန့်သာရှိကြောင်း Kalaw Vista Bed & Breakfast ဟိုတယ်ပိုင်ရှင် ဒေါ်ချိုချိုဝင်းပြောသည်။ ၎င်းက ယခုပုံမှန်အခြေအနေသစ် (new normal) တွင် ယခင်ကဲ့သို့ ခရီးသွားဝင်ရောက်မှုစံချိန်ကို မမှီသေး သော်လည်း မျှော်လင့်မထားသည့် ပြည်တွင်းခရီးသွားအုပ်စုများ ရှိလာမည်လားဟုမျှော်လင့်နေကြောင်း ရေဝတီ သတင်းဌာန သို့ ပြောဆိုသည်။

ရှမ်းပြည်နယ် ကျန်းမာရေးနှင့်ခရီးသွားလုပ်ငန်း အာဏာပိုင်များ၏လမ်းညွှန်ချက်များနှင့် ကြိုတင်ကာကွယ်ရေးအစီအမံများနဲ့အညီ ဟိုတယ်ပြန်ဖွင့်ရန် ခွင့်ပြုချက်ရပြီးနောက် ကလောရှိဟိုတယ် ၅၈ ခုအနက် ၃၄ ခု သည် ဇွန်လတွင် ပြန်လည်လည်ပတ်နေပြီဖြစ်သည်။ ပြည်တွင်းခရီးသွားများသည် ကရင်ပြည်နယ် ဘားအံနှင့်ပုဂံအပါအဝင် အခြားနေရာများသို့လည်း ပြန်လည်သွားရောက်လည်ပတ်နေပြီဖြစ်သည်။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏စာရင်းအရ ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၂ ခုမှ ဟိုတယ် ၈၀၀ ကျော်သည် ဇွန်လတွင်ပြန်လည်ဖွင့်လှစ်ထားပြီး ကျန်ဟိုတယ်များသည် ကျန်းမာရေးဆိုင်ရာ ဘေးကင်းလုံခြုံမှုအတွက် စစ်ဆေးခံနေကြောင်းသိရသည်။

ဇွန်လနှောင်းပိုင်းတွင် ဘားအံသို့ တနေ့လျှင် လူ ၁၀၀ ခန့်လာရောက်လည်ပတ်ပြီး ယခုကာလတွင် ထိုနှုန်းကို နည်းသည်ဟု မဆိုနိုင်ဘဲ ခရီးသွားကဏ္ဍအတွက် ကောင်းမွန်ကြောင်း ဒေါ်မေမြတ်မွန်ဝင်းပြောသည်။ “ကျမတို့လုပ်ငန်းတွေ ဆက်လက်ရှင်သန်ဖို့ အချင်းချင်းပြန်ကူလို့ပဲရမယ်။ ပြည်တွင်းခရီးသွားလုပ်ငန်းက ဒီငွေတွေက လတ်တလောမှာ စီးပွားရေးပြန်လည်ပတ်ဖို့ တခုတည်းသောနည်းလမ်းဖြစ်နေတယ်။ ပြည်တွင်းခရီးသွားလုပ်ငန်းကိုအားပေးဖို့ ဟိုတယ်နဲ့ခရီးသွားလာရေးဝန်ကြီးဌာနနဲ့ ပုဂ္ဂလိကကဏ္ဍက အတူတကွ ပူးပေါင်းဆောင်ရွက်နေကြတယ်” ဟု ဒေါ်မေမြတ်မွန်ဝင်းကရှင်းပြသည်။ ဝန်ကြီးဌာန၏ ခရီးသွားလုပ်ငန်း အကူအညီပေးရေး အစီအစဉ်အရ အစိုးရသည် ခရီးသွားလုပ်ငန်းများ ပြန်လည်ရှင်သန်ရေးအတွက် အဆင့် ၃ ဆင့် ဖော်ဆောင်နေသည်။

ပထမအဆင့်တွင် ဝန်ကြီးဌာနသည် ခရီးသွားလုပ်ငန်းများ ဆက်လက်ရှင်သန်နိုင်ရေးအတွက် ဧပြီလမှစတင်ကာ ခြောက်လစာပေးဆောင်ရမည့် အခွန်များကိုရွှေ့ဆိုင်းပေးခြင်း၊ လိုင်စင်ကြေးပေးသွင်းမှုများအား တနှစ်ကင်းလွတ်ခွင့်ပြုခြင်း၊ နိုင်ငံပိုင် ငှားရမ်းထားသည့် ဟိုတယ်မြေများအတွက် ငှားရမ်းခ ၆ လစာကို ဆိုင်းငံ့ပေးခြင်းတို့ ပါဝင်သည်။ ဒုတိယအနေဖြင့် အစိုးရသည် ပြည်တွင်းခရီးသွားလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေးအတွက် အစီအစဉ်များရေးဆွဲဆောင်ရွက် လျက်ရှိသည်။ ဇွန်လမှစတင်ကာ အသွားအလာကန့်သတ်မှုများနှင့် အဝင်အထွက်ကန့်သတ် သီးခြားခွဲထားမှုများကိုရုတ်သိမ်းပြီး ခရီးသွားလုပ်ငန်းပြန်လည်ပတ်နိုင်ရေး အစီအစဉ်အကောင်ထည်ဖော်မှုကို ဩဂုတ်လအထိဆောင်ရွက်ရန်သတ်မှတ်ထားသည်။ ထိုသို့ ပြန်လည်ဖွင့်လှစ်စဉ်အတွင်း ဝန်ကြီးဌာနသည် ခရီးသွားလုပ်ငန်းကိုမြှင့်တင်မည်ဖြစ်ပြီး ခရီးစဉ်ဒေသအသစ်များဖော်ထုတ်သွားမည်ဟု ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်အေးဟန်ကပြောသည်။

ခရီးစဉ်ဒေသအသစ်များ ဖန်တီးရခြင်းသည် တနေရာတည်းတွင် လူအများပြည့်ကျပ်လည်ပတ်ပါက ရောဂါကူးစက်မှုအန္တရာယ် စိုးရိမ်ရသည့်အတွက် ခရီးသွားများ နေရာအနှံ့ ပြန့်ကျဲသွားစေရန်ဖြစ်သည်ဟု ၎င်းကရှင်းပြသည်။

ခရီးသွားလုပ်ငန်းကဏ္ဍတခုလုံး ပြန်လည်ဖွင့်လှစ်ရန်ဝန်ကြီးဌာန၏ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း အကူအညီပေးရေး အစီအစဉ်နောက်ဆုံးအဆင့်တွင် ဩဂုတ်လနှင့်လာမည့်နှစ်ဇန်နဝါရီအတွင်း ပြည်ပခရီးသွားများ ပြန်လည်ဝင်ရောက် လည်ပတ်လာနိုင်ရေး အစီအမံများ ချမှတ်ဆောင်ရွက်မည်ဟုသိရသည်။ ကိုဗစ် ၁၉ ကြောင့် ထိခိုက်ရသည့် စီးပွားရေး လုပ်ငန်းများ ပြန်လည်နလန်ထူနိုင်ရန် အစိုးရ၏အကူအညီပေးရေး အစီအစဉ်အောက်တွင် စီးပွားရေးထိခိုက်သော ဟိုတယ် များနှင့် ခရီးသွားလုပ်ငန်းများ၏ လုပ်ငန်းကုန်ကျစရိတ်များ ဆက်လက်လည်ပတ်နိုင်ရေးအတွက် တနှစ်ချေးငွေကို ၁ ရာခိုင်နှုန်း အတိုးနှုန်းဖြင့်ချထားပေးသည်။ အစိုးရသည် လက်ရှိအချိန်အထိ ခရီးသွားလုပ်ငန်းများရပ်တည်နိုင်ရန် ကိုဗစ်-၁၉ ရန်ပုံငွေကျပ် ၁၀၀ ဘီလီယံအနက် ကျပ် ၂၁ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၅.၁၅ သန်း) ကို ချေးငွေထုတ်ပေးထားပေးပြီးဖြစ်ကြောင်း ဦးအောင်အေးဟန်ကပြောသည်။ ဝန်ကြီးဌာနသည် ခရီးသွားလုပ်ငန်းမြှင့်တင်သည့်အစီအစဉ်အဖြစ် ဗီဇာစည်းမျဉ်းများ လျှော့ပေးခြင်းအပါအဝင် မြန်မာ-မဲခေါင် ဒေသတွင်းခရီးသွားလုပ်ငန်းကို ဦးစားပေးဖော်ဆောင်ရန် စီစဉ်ထားသည်ဟုသိရသည်။

မြန်မာနိုင်ငံသို့ ၂၀၁၉ ခုနှစ်အတွင်း ပြည်ပခရီးသည် ၄.၃၆ သန်း ဝင်ရောက်ခဲ့သည်။ ၂၀၁၈ ခုနှစ်က ပြည်ပခရီးသည် ၃.၅၅ သန်းသာရရှိခဲ့သဖြင့် ယမန်နှစ်တွင် ခရီးသွား ၂၃ ရာခိုင်နှုန်းတိုးတက်မှုရှိခဲ့သည်။ သို့သော် ဇန်နဝါရီလမှ မေလအတွင်း ကိုဗစ်-၁၉ ကြောင့် ပြည်ပခရီးသည်ရောက်ရှိမှုမှာ ယခင်နှစ်က အရေအတွက်ထက် ၅၅ ရာခိုင်နှုန်းကျဆင်းသွားခဲ့သည်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှမေလအတွင်း ပြည်ပခရီးသည် ၁.၈ သန်းလာရောက်ခဲ့ပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၁.၁၄ ဘီလီယံရရှိခဲ့သည်။ ၂၀၂၀ ပြည့်နှစ် အလားတူကာလအတွင်းတွင်မူ မြန်မာနိုင်ငံသို့ ပြည်ပခရီးသည် ၈၃၂၀၉၄ ဦးလာရောက်ပြီး ဝင်ငွေအမေရိကန် ဒေါ်လာ ၅၂၃ သန်းရရှိသည်။

မြန်မာနိုင်ငံသို့ လေကြောင်းလိုင်းများပျံသန်းမှု ပိတ်ပင်ထားဆဲဖြစ်သောကြောင့် လာမည့်ခရီးသွားရာသီဖြစ်သည့် အောက်တိုဘာလမှ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလအတွင်း မြန်မာနိုင်ငံသည် ပြည်ပခရီးသွားများ အများအပြား လက်ခံရလိမ့်လာမည် ဟု မမျှော်လင့်ကြောင်း ဒေါ်ချိုချိုလွင်ကဆိုသည်။ ကိုဗစ်-၁၉ ရောဂါပိုးသည် ပြည်တွင်းနေ ပြည်သူများအကြား ကူးစက်မှုနှုန်း ဆက်လက်နည်းပြီး၊ ပြည်သူများကလည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များအတိုင်းလိုက်နာလျှင် ပြည်တွင်းခရီးသွားလာမှု ဆက်လက်ရှိနေမည်ဟုယုံကြည်ကြောင်း ၎င်းကပြောသည်။ ဇွန်လ ၃၀ ရက် အထိ မြန်မာနိုင်ငံတွင် ကိုဗစ် ၁၉ ရောဂါကူးစက်မှု ၂၉၉ ဦးရှိသည်။ ကိုဗစ်-၁၉ ရောဂါပိုး ရှိမရှိကို လူပေါင်း ၇၄၉၈၇ ဦးကို စစ်ဆေးခဲ့ပြီးဖြစ်ပြီး သေဆုံးသူ ၆ ဦး နှင့် ပြန်လည်ကောင်းမွန်လာသူ ၂၂၁ ဦး ရှိသည်။

ကိုဗစ်ကပ်ရောဂါကာလတွင် ခရီးသွားလုပ်ငန်းဈေးကွက်သည်ပြောင်းလဲနေပြီး ပြည်တွင်းခရီးသွားများလုပ်ငန်းကို အားပေး ရန် ဟိုတယ်များသည် ၂၅ မှ ၃၀ ရာခိုင်နှုန်းအထိ ဈေးလျှော့ပေးနေကြောင်း ဒေါ်ချိုချိုလွင်ကပြောသည်။ ခရီးသွားလုပ်ငန်းများ ပြန်လည်လည်ပတ်သည်နှင့်အတူ အစိုးရသည် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများမှ ဝန်ထမ်းများနှင့်စီမံခန့်ခွဲသူများ၊ ခရီးသွားများ အားလုံး လိုက်နာရမည့်လမ်းညွှန်များနှင့် ကြိုတင်ကာကွယ်ရေးအစီအမံများချမှတ်ထားသည်။ ထိုအစီအမံများတွင် နှာခေါင်း စည်းတပ်ဆင်ရန်လိုအပ်ခြင်း၊ ခပ်ခွာခွာနေရမည့် ညွှန်ကြားချက်များလိုက်နာခြင်း၊ နေရာထိုင်ခင်းများတွင်ပိုးသတ်ခြင်း၊ လက်ဆေးခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်းနှင့် ခရီးသွားရာဇဝင်မှတ်တမ်းတင်ခြင်းတို့ပါဝင်သည်။ ထိုစည်းမျဉ်းများသည် ဟိုတယ်ဝန်ထမ်းများနှင့် စီမံခန့်ခွဲသူများ၊ ဟိုတယ်ပိုင်ရှင်များသာမက လာရောက်တည်းခိုသည့် ဧည့်သည်များပါ လိုက်နာရ ပါသည်ဟု ဒေါ်ချိုချိုလွင်ကဆိုသည်။

**Source:** https://burma.irrawaddy.com/business/2020/07/06/225817.html

## ကျောက်မျက်လုပ်ငန်းအများစု အွန်လိုင်းစနစ်သို့ ဈေးကွက်ပြောင်းလဲ

ကိုဗစ်-၁၉ ဖြစ်ပွားသည့်ကာလအတွင်း ကျောက်မျက်ဈေးကွက်အများစုမှာ အွန်လိုင်းစနစ်သို့ ပြောင်းလဲလာကြောင်း ကျောက်မျက်ရောင်းချသူအချို့ထံမှသိရသည်။ မြန်မာနိုင်ငံ၏ ကျောက်မျက်ဈေးကွက်သည် ကျောက်မျက်အရောင်းပြပွဲများ၊ ကျောက်ဝိုင်းများတွင်သာ အဓိကရောင်းချရာမှ လက်ရှိတွင် အွန်လိုင်းမှတစ်ဆင့်ပြသသည့်စနစ်ဖြင့် ဈေးကွက် ပြောင်းလဲမှုများ

ရှိကြောင်း မြန်မာနိုင်ငံကျောက်မျက်လုပ်ငန်းရှင်များအသင်းထံမှသိရသည်။ "အဓိကက နိုင်ငံခြားဈေးကွက်ကို ထိုးဖောက်ချင်တဲ့အတွက် အွန်လိုင်းဈေးကွက်ကို ပြောင်းလဲလာတာ" ဟု Jewel Empress ကျောက်မျက်ရတနာဆိုင်မှ ဒါရိုက်တာ ဒေါ်သီရိမောင်မောင်ကပြောဆိုသည်။

လက်ရှိတွင် အွန်လိုင်းစနစ်ဖြင့် ပြည်တွင်းထွက် ကျောက်မျက်များဖြစ်သည့် ကျောက်စိမ်း၊ နီလာ၊ ပတ္တမြား အစ ရှိသည့် ကျောက်များကို ရောင်းချခြင်းဖြစ်ပြီး အချောထည်ကျောက်များကို အဓိကရောင်းချခြင်းဖြစ်သည်။ အွန်လိုင်းဈေးကွက်တွင် အချော ထည်ကျောက်များရောင်းဝယ်ရာ၌ အခက်အခဲမရှိသော်လည်း အရိုင်းတုံးများနှင့် လေလံကျောက်များ ရောင်းချရာတွင် အခက်အခဲများဖြစ်ပေါ်ပြီး ကိုယ်ပိုင်အမြင်ဖြင့် ဝယ်ယူနိုင်သည့်ဈေးကွက် ပြန်လည်စတင်နိုင်မှသာ ကောင်းမွန်လာမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များအသင်းထံမှသိရသည်။

လက်ရှိတွင် ပြည်တွင်းထွက် ကျောက်မျက်ရတနာ အချောထည်ဈေးကွက်ကို အရောင်းဆိုင်များဖြင့် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ Myanmar Gems Trade Center တွင် ဖွင့်လှစ်ရန်ဆောက်လုပ်လျက်ရှိပြီး အခန်းပေါင်း ၁၂၈ ပါဝင်မည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ကျောက်မျက်တူးဖော်ရေးလုပ်ငန်းများသည် မိုးရာသီအကြိုကာလတွင် တူးဖော်မှုကို အဓိကပြုလုပ်သည့်အတွက် Covid-19 ကြောင့် မတ်၊ ဧပြီ၊ မေလတို့တွင် လုပ်ငန်းများရပ်နားရမှုသည် ကျောက်မျက်တူးဖော်ရေးအတွက် ထိခိုက်မှုများပြားခဲ့ကြောင်း အဆိုပါအသင်းထံမှသိရသည်။

**Source : The Voice**

https://news.ydnp.net/354848/

## ရေထွက်ကုန်တင်ပို့သည့် မူဝါဒသစ်တခု ရေးဆွဲပေးရန်တောင်းဆို



ရေထွက်ကုန်တင်ပို့ရောင်းချသူတွေအတွက် တင်ပို့တဲ့မူဝါဒအသစ်တခုကို အစိုးရအနေနဲ့ရေးဆွဲပေးဖို့ ရေထွက်ကုန်ပစ္စည်းထုတ်လုပ်သူများနဲ့ ပို့ကုန်လုပ်ငန်းရှင်အသင်းက တောင်းဆိုလိုက်ပါတယ်။ လက်ရှိကိုဗစ်ကာလအတွင်း ရေထွက်ကုန်ပစ္စည်းတွေ ပြည်ပတင်ပို့မှုမှာ လျော့ကျခဲ့တဲ့အတွက် စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေနဲ့ Market Information ပေးဖို့လိုတယ်လို့ ရေထွက်ပစ္စည်းထုတ်လုပ်သူများနဲ့ပို့ကုန်လုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ဦးထွန်းအေးက ပြောပါတယ်။

ကိုဗစ်ကာလအတွင်းမှာ အစိုးရအနေနဲ့ ရေထွက်ကုန်လိုင်စင်ကို လျှော့ချပေးခဲ့ပေမယ့် ဈေးကွက်မရှိတာကြောင့် လုပ်ငန်းရှင်တွေ အခက်အခဲဖြစ်နေပြီး နှစ်စဉ် plan တွေကို ရေးဆွဲပေးဖို့ အစိုးရအနေနဲ့ ဆောင်ရွက်သင့်တယ်လို့ဆိုပါတယ်။ အရှေ့အလယ်ပိုင်းဈေးကွက်ဟာ အကန့်သတ်ရှိတာတွေ၊ ဈေးကွက်မှာ အရည်အသွေးနိမ့်ကျတာတွေကြောင့် တရုတ်ကိုအမှီပြုနေရတဲ့ ရေထွက်ကုန်ပစ္စည်းတွေဟာ လုံးပါး ပါးနေရတယ်လို့ ဦးထွန်းအေးကဆိုပါတယ်။

နိုင်ငံတကာဈေးကွက်ကို အားကိုးမရတဲ့အတွက် နယ်စပ်ဘော်ဒါလိုင်းကိုသာ အဓိကအားပြုပြီး ရေထွက်ကုန်ပစ္စည်းတွေကို ကိုဗစ်ကာလမှာ တင်ပို့နေရတယ်လို့ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဒေါ်တိုးနန္ဒာတင်ကပြောပါတယ်။ အခုနှစ်အတွင်း ရေထွက်ကုန်တင်ပို့မှုအခြေအနေဟာ အခုလာမယ့်လေးလပတ်အတွင်း လျော့ကျနိုင်တယ်လို့ဆိုပါတယ်။ လက်ရှိကိုဗစ်ကာလအတွင်းမှာ ရေထွက်ကုန်တင်ပို့မှုတွေဟာ ရိုက်ခတ်မှုရှိခဲ့ပေမဲ့ ကိုဗစ်ကာလကို အစိုးရရဲ့ဖြေလျှော့ပေးမှုနောက်ပိုင်းမှာ ရေထွက်ကုန်တင်ပို့မှုတွေ ပြန်လည်ကောင်းမွန်လာပြီး ပုံမှန်တင်ပို့နေကျအခြေအနေကိုရောက်ရှိဖို့ အချိန်ယူရဦးမယ်လို့ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်ကပြောပါတယ်။

မြန်မာနိုင်ငံမှာ ကိုဗစ်ကာလအတွင်း စီးပွားရေးလုပ်ငန်းတွေကို ပြန်လည်ကုစားပေးဖို့ CERP ကို ရေးဆွဲပြီး ဆောင်ရွက်ခဲ့ပေမယ့် အဲ့ဒီ CERP ဟာ ယေဘုယျဆန်နေတဲ့အတွက် ရေထွက်ကုန်ပစ္စည်းတွေ သက်ရောက်စေတဲ့ Plan တခုကို အစိုးရက

ရေးဆွဲထားဖို့လိုတယ်လို့ ရေထွက်ကုန်ပစ္စည်းတင်ပို့ရောင်းချသူတွေက ထောင်းဆိုလိုက်ပါတယ်။

**Source:** http://burmese.dvb.no/archives/398106

**DVB TV News**

## ၂၀၂၀ ပြည့်နှစ်၊ ပထမ ၅ လတာ ကာလအတွင်း တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုပမာဏကျဆင်းခဲ့

တရုတ်နိုင်ငံသည် ၂၀၂၀ ပြည့်နှစ်၊ ပထမ (၅) လတာကာလအတွင်း ပြည်ပနိုင်ငံများနှင့် ဆောင်ရွက်ခဲ့သည့် ကုန်သွယ်မှု အချက်အလက်များအား တရုတ်နိုင်ငံ၊ အကောက်ခွန်အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့မှ (GACC) မှ ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ အဆိုပါကာလအတွင်း ပြည်ပနိုင်ငံများနှင့်ကုန်သွယ်မှုပမာဏ၊ ယွမ် (၁၁.၅၄)ထရီလီယံ (အမေရိကန် ဒေါ်လာ (၁.၆၃) ထရီလီယံ)သာ ရရှိခဲ့သည့်အတွက် ပြီးခဲ့သည့်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက (၄.၉) ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ အဆိုပါကာလ အတွင်း ပို့ကုန်ပမာဏ (၄.၇) ရာခိုင်နှုန်း၊ သွင်းကုန်ပမာဏ (၅.၂) ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ မေလအတွင်း၌ တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုပမာဏယွမ် (၂.၄၇) ထရီလီယံရှိသည့်အတွက် ၂၀၁၉ ခုနှစ်၊ မေလနှင့်နှိုင်းယှဉ်ပါက (၄.၉) ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ ပို့ကုန်ပမာဏ ယွမ် (၁.၄၆) ထရီလီယံရှိခဲ့ပြီး (၁.၄) ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ သွင်းကုန်ပမာဏတွင် ယွမ် (၁.၀၁) ထရီလီယံရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ်၊ ဧပြီလနှင့်နှိုင်းယှဉ်ပါက (၁၂.၇) ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ မေလ အတွင်း တရုတ်နိုင်ငံသည် ကုန်သွယ်ရေးတွင် အသာစီးရလျက်ရှိပြီး ကုန်သွယ်မှု ပိုငွေပမာဏ ယွမ် (၄၄၂.၇၅) ဘီလီယံရှိခဲ့ကြောင်း၊ အဆိုပါကာလအတွင်း အာဆီယံနိုင်ငံများသည် တရုတ်နိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံအဖြစ် ဆက်လက်ရပ်တည်ခဲ့ကြောင်း၊ အာဆီယံ-တရုတ်နိုင်ငံများအကြား ကုန်သွယ်မှုပမာဏ၊ ယွမ် (၁.၇) ထရီလီယံရရှိခဲ့သည့်အတွက် ပြီးခဲ့သည့်နှစ်ကာလတူထက် (၄.၂) ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း၊ အာဆီယံနိုင်ငံများနှင့်ကုန်သွယ်မှုပမာဏသည် စုစုပေါင်း နိုင်ငံခြားကုန်သွယ်မှုပမာဏ၏ (၁၄.၇) ရာခိုင်နှုန်း ပါဝင်လျက်ရှိကြောင်း၊ အဆိုပါကာလအတွင်း တရုတ်နိုင်ငံသည် အမေရိကန်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ဥရောပဒေသနိုင်ငံများနှင့် ကုန်သွယ်မှုပမာဏ လျော့နည်းကျဆင်းခဲ့ကြောင်းသိရှိရပါသည်။

**Source:** http://global.chinadaily.com.cn/a/202006/07/WS5edcaf3ba3108348172 51511.html

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ တရုတ် (ဘေကျင်း)**

## တရုတ်နိုင်ငံ၏ စားသုံးသူငွေကြေးဖောင်းပွမှုနှုန်း (၁၄)လတာကာလအတွင်း အနိမ့်ဆုံးနှုန်းသို့ ကျဆင်းခဲ့

တရုတ်နိုင်ငံအတွင်းလုပ်ငန်းများ ပြန်လည်လည်ပတ်မှုတိုးတက်လာပြီဖြစ်သဖြင့် စားသောက်ကုန်ဈေးနှုန်းများ တည်ငြိမ်လျက်ရှိကြောင်း၊ သို့ဖြစ်ရာ ၂၀၂၀ ပြည့်နှစ်၊ မေလအတွင်း ပြည်တွင်းစားသုံးသူငွေကြေးဖောင်းပွနှုန်းသည် (၁၄) လတာ ကာလ အတွင်း အနိမ့်ဆုံးနှုန်းသို့ ကျဆင်းခဲ့သည်ဟု တရုတ်အမျိုးသားစာရင်းအင်းဗျူရိုမှ ထုတ်ပြန်ခဲ့ကြောင်း၊ ပြည်တွင်း ဝယ်လိုအား ထိန်းချုပ်နိုင်ခြင်းနှင့် COVID-19 ကမ္ဘာ့ကပ်ရောဂါကြောင့် ထိခိုက်စေခဲ့သည့် စီးပွားရေးပြန်လည်ဦးမော့လာစေရန် မူဝါဒများ ချမှတ်ခဲ့ခြင်းတို့ကြောင့် ငွေကြေးဖောင်းပွနှုန်း ကျဆင်းလာခြင်းဖြစ်ကြောင်း၊ ငွေကြေးဖောင်းပွမှု၏ အခြေခံအချက် တစ်ခုဖြစ်သည့် စားသုံးသူဈေးနှုန်းအညွှန်းကိန်းသည် (၄) လ ဆက်တိုက်ကျဆင်းလာခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ မေလအတွင်း၌ ပြီးခဲ့သည့်နှစ် ကာလတူထက် (၂.၄) ရာခိုင်နှုန်း မြင့်တက်ခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ်၊ ဧပြီလထက် ကျဆင်းခဲ့ကြောင်း၊ အစားအစာ ဈေးနှုန်းများသည် ပြီးခဲ့သည့်နှစ် ကာလတူထက် (၁၀.၆) ရာခိုင်နှုန်း မြင့်တက်ခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ်၊ ဧပြီလထက် (၄.၂) ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ စားသုံးသူဈေးနှုန်းအညွှန်းကိန်း မြင့်တက်စေသည့် အခြေခံအကြောင်းရင်းတစ်ခုဖြစ်သည့် ဝက်သား ဈေးနှုန်းများသည် ပြီးခဲ့သည့်နှစ်ကာလတူထက် (၈၁.၇) ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ဝက်သားရောင်းလိုအား ပြန်လည်မြင့်တက် လာခြင်းနှင့် အစားအသောက်များ အပြိုင်အဆိုင်ရောင်းချမှုကြောင့် ဈေးနှုန်းများမြင့်တက်မှုအား ထိန်းထား နိုင်မည်ဖြစ်သည့်အတွက် စားသုံးသူများငွေဖောင်းပွမှုအား ဆက်လက်ထိန်းထားနိုင်မည်ဟု ခန့်မှန်းထားကြောင်း၊ စားသုံးသူ အညွှန်းကိန်းသည် ၂၀၂၀ ပြည့်နှစ်၊ ဒုတိယနှစ်ဝက်အတွင်း သိသာစွာကျဆင်းသွားမည်ဖြစ်ပြီး (၂.၄) ရာခိုင်နှုန်းခန့်သာ ရှိနိုင်မည်ဖြစ်သည့်အတွက် အစိုးရအနေဖြင့် မျှော်မှန်းထားသည့် (၃.၅) ရာခိုင်နှုန်းနှင့် ကိုက်ညီစေမည်ဖြစ်ကြောင်း၊ သို့ရာတွင် COVID-19 ကမ္ဘာ့ကပ်ရောဂါကြောင့် ဈေးကွက် ဝယ်လိုအားကျဆင်းလျက်ရှိခြင်း၊ ကုန်စည်အများစု၏ နိုင်ငံတကာဈေးနှုန်းများ ကျဆင်းလျက်ရှိခြင်းတို့သည် စက်မှုလုပ်ငန်း

များမှထွက်ရှိသည့်ကုန်စည်များ၏ ဈေးနှုန်းအပေါ်သက်ရောက်မှုရှိသည့်အတွက် စက်မှုလုပ်ငန်းများ အနေဖြင့် အမြတ်အစွန်း ရရှိရန်မှာမူ ဖိအားများဆက်လက်ဖြစ်ပေါ်လျက်ရှိကြောင်း၊ စက်ရုံထွက်ဈေးနှုန်းများ၏ အဓိကညွှန်းကိန်းဖြစ်သည့် ထုတ်လုပ်သူ ဈေးနှုန်းအညွှန်းကိန်းသည် ၂၀၂၀ ပြည့်နှစ်၊ မေလအတွင်းပြီးခဲ့သည့်နှစ်ကာလတူထက် (၃.၇) ရာခိုင်နှုန်း ကျဆင်းခဲ့သည့် အတွက် လေးလဆက်တိုက်ကျဆင်းလျက်ရှိကြောင်း လေ့လာစောင့်ကြည့်သူများမှ ပြောကြားခဲ့ကြောင်း၊ တရုတ်နိုင်ငံသည် COVID-19 ကမ္ဘာ့ကပ်ရောဂါကြောင့် ဆိုးဝါးစွာထိခိုက်ခဲ့သည့်လုပ်ငန်းများ၊ လူပုဂ္ဂိုလ်တစ်ဦးချင်းစီအား ထောက်ပံ့ပေးရန်နှင့် ပြည်တွင်း ဝယ်လိုအားမြင့်တက်လာစေမည့်မူဝါဒများအား လက်တွေ့အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း၊ စီးပွားရေးလုပ်ငန်းများအနေဖြင့် လက်ခံရရှိသည့် လူမှုရေးဆိုင်ရာ ငွေကြေးရန်ပုံငွေအသစ်မှာ (၃.၁၉) ထရီလီယံယွမ် (အမေရိကန် ဒေါ်လာ (၄၅၁) ဘီလီယံဖြစ်သည့်အတွက် ပြီးခဲ့သည့်ကာလတူထက်ပိုမိုများပြားကြောင်း တရုတ် ဗဟိုဘဏ်မှပြောကြားခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လဒုတိယအပတ်အတွင်း ကျင်းပပြုလုပ်ခဲ့သည့် ဗဟိုကောင်စီ၏ အထူးအစည်းအဝေး( အစိုးရအဖွဲ့ အစည်းအဝေး)မှ အစိုးရအနေဖြင့် ပေးအပ်မည့်ဘဏ္ဍာရေးရန်ပုံငွေများအားလုပ်ငန်းနှင့် ပြည်သူများအနေဖြင့် တိုက်ရိုက်ခံစားခွင့် ရရှိနိုင်စေရန် စနစ်တကျငွေလွှဲပြောင်းပေးမှုများ ဆောင်ရွက်နိုင်ရန်စီမံဆောင်ရွက်မှုများ ချမှတ် ခဲ့ကြောင်းသိရှိရပါသည်။

**Source:**http://global.chinadaily.com.cn/a/202006/11/WS5ee16b1ca31083481725232 e.html

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ တရုတ် (ဘေကျင်း)**

## တရုတ်-အမေရိကန် ကုန်သွယ်ရေးစစ်ပွဲနှင့် COVID-19 ကြောင့် ဝယ်လိုအားများထိခိုက်ပြီး ဟောင်ကောင်၏ပို့ကုန်မှာ မေလတွင် (၇.၄) ရာခိုင်နှုန်းကျဆင်းခဲ့

ဟောင်ကောင်ဒေသ၏ ပို့ကုန် ၃၁၇.၆ ဘီလီယံ နှင့် သွင်းကုန် ဟောင်ကောင်ဒေါ်လာ ၃၃၁.၃ ဘီလီယံ (ရာခိုင်နှုန်းအားဖြင့် ၁၂.၃ ရာခိုင်နှုန်း) ကျဆင်းခဲ့ရာ ၂၀၂၀ ပြည့်နှစ်၊ မေလတွင် ကုန်သွယ်မှုလိုငွေ ဟောင်ကောင်ဒေါ်လာ (၁၃.၇) ဘီလီယံရှိခဲ့ကြောင်း၊ တရုတ်-အမေရိကန် ကုန်သွယ်ရေးစစ်ပွဲနှင့် COVID-19 ကြောင့် ဝယ်လိုအားများထိခိုက်ပြီး ဟောင်ကောင်၏ပို့ကုန်မှာ မေလတွင် (၇.၄) ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ COVID-19 ကြောင့် အာရှဒေသတစ်ခုလုံးတွင် ကုန်သွယ်မှုကျဆင်းလျက်ရှိကြောင်း၊ ၂၀၂၀ ခုနှစ်အတွင်း (၁၀) ရာခိုင်နှုန်းကျဆင်းနိုင်သည်ဟု ဟောင်ကောင်ကုန်သွယ်ဖွံ့ဖြိုးတိုးတက်ရေးကောင်စီမှ ခန့်မှန်းခဲ့ရာ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာက ခန့်မှန်းခဲ့ခြင်းထက် (၂) ရာခိုင်နှုန်း ပိုမိုလျော့ကျလာခြင်းဖြစ်ကြောင်း၊ ကမ္ဘာလုံးဆိုင်ရာစီးပွားရေး ကျဆင်းမှု၏ အဓိကခြောက်လှန့်မှုမှာ COVID-19 ဖြစ်ပွားခြင်းကြောင့်ဖြစ်ပြီး ဟောင်ကောင်၏ ပို့ကုန်မှာ ဆက်လက်ကျဆင်းနေမည် ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ ပထမ (၅) လအတွင်း ၂၀၁၉ ခုနှစ်နှင့်ကာလတူနှိုင်းယှဉ်လျှင် ပို့ကုန် (၈) ရာခိုင်နှုန်းနှင့် သွင်းကုန် (၉.၈) ရာခိုင်နှုန်း ကျဆင်း ခဲ့ကြောင်း၊ တရုတ်-အမေရိကန်ကုန်သွယ်ရေးစစ်ပွဲကြောင့် အင်အားကြီးနှစ်နိုင်ငံ၏ ဆက်ဆံရေး တင်းမာခြင်းနှင့် COVID-19 ကြောင့် ဟောင်ကောင်၏ ပို့ကုန်ကျဆင်းမှုမှာ လာမည့် (၂) လ (၃) လ အတွင်း ဆက်လက်ဖြစ်ပွားနေမည်ဖြစ်ကြောင်း၊ အမျိုးသားလုံခြုံရေး ဥပဒေကြောင့် ဟောင်ကောင်၏ တစ်နိုင်ငံ၊ စနစ်နှစ်မျိုး အုပ်ချုပ်ခွင့်အပေါ် သက်ရောက်မှုရှိလျှင် ဟောင်ကောင် အား ပေးထားသည့် ကုန်သွယ်ရေးအထူးသက်သာခွင့်များကို ရုတ်သိမ်းသွားမည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့် ကပြောကြားခဲ့ကြောင်း၊ အမေရိကန်အစိုးရ ဝန်ထမ်းများအား ဗီဇာကန့်သတ်ချက်များ ပြုလုပ်သွားမည်ဟု ပေကျင်းမှလည်း ကြေညာခဲ့ကြောင်း၊ အဆိုပါ တရုတ်-အမေရိကန်နိုင်ငံတို့အကြား တင်းမာမှုများကြောင့် ဟောင်ကောင်၏ အဓိကပို့ကုန်လျှပ်စစ် ပစ္စည်းများလျော့ကျနိုင်ကြောင်း၊ ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်လျှင် ၂၀၂၀ ပြည့်နှစ်၊ မေလအတွင်း ဟောင်ကောင်၏ အဓိက ပို့ကုန်များဖြစ်သည့် ဆက်သွယ်ရေးပစ္စည်းများနှင့် အသံသွင်းပစ္စည်းများ အစရှိသည်တို့မှာ (၂၀.၅)ရာခိုင်နှုန်း၊ ကျောက်မျက် လက်ဝတ် ရတနာ၊ ရွှေနှင့်ငွေတင်ပို့မှုမှာ (၃၉.၉) ရာခိုင်နှုန်းနှင့် နာရီတင်ပို့မှု (၄၅.၂) ရာခိုင်နှုန်း အသီး သီးကျဆင်းခဲ့ကြောင်း၊ ဟောင်ကောင်မှ ဖိလစ်ပိုင်နိုင်ငံသို့ တင်ပို့မှု (၄၅.၅) ရာခိုင်နှုန်း၊ အိန္ဒိယနိုင်ငံသို့ (၃၇.၉) ရာခိုင်နှုန်း၊ စင်ကာပူနိုင်ငံသို့ (၂၉) ရာခိုင်နှုန်း၊ တောင်ကိုရီးယားနိုင်ငံသို့ (၁၈.၄) ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့ကြောင်းနှင့် ၂၀၂၀ ပြည့်နှစ်အတွင်း ဟောင်ကောင်၏ ပို့ကုန်မှာ (၁၂) ရာခိုင်နှုန်း ကျဆင်းနိုင်သည်ဟု နောက်ဆုံးခန့်မှန်းခဲ့ကြောင်း ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၉ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Denise Tsang က “Hong Kong Exports continue to slump, falling 7.4 percent in May, as pandemic and China-US ties hammer demand” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဟောင်ကောင်**

# STOCK EXCHANGE (7.7.2020)

YANGON
STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 7th Jul. 2020


**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | +500 | +4.76% | 10,500 | 11,000 | 10,500 | 733 | 7,707,000 | 27,112,747 | 298,240 |
| MTSH | 00002 | 3,800 | +0 | +0.00% | 3,800 | 3,800 | 3,800 | 1,770 | 6,726,000 | 38,929,150 | 147,931 |
| MCB | 00003 | 8,100 | +0 | +0.00% | 8,100 | 8,100 | 8,100 | 10 | 81,000 | 10,400,986 | 84,248 |
| FPB | 00004 | 22,000 | +0 | +0.00% | 22,500 | 22,500 | 22,000 | 1,790 | 39,657,500 | 2,472,053 | 54,385 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 100 | 280,000 | 12,823,224 | 35,905 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,650 | 59 | 156,800 | 19,977,223 | 53,939 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 453.41 | +9.12 | +2.05% | 445.13 | 454.24 | 443.62 | 4,462 | 54,608,300 | 6 | 674,648 |

**Index chart**




# Market Overview

As of 1:00 pm, 7th Jul. 2020

| MYANPIX | 453.41 ▲ 9.12 |
|---|---|
| Total Volume (shares) | 4,462 |
| Total Value (MMK) | 55 mil |
| Listed Company | 6 |
| Market Cap. (MMK) | 674,648 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▲ 500 |
| MTSH | 00002 | 3,800 | ▲ 0 |
| MCB | 00003 | 8,100 | ▲ 0 |
| FPB | 00004 | 22,000 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 0 |